**၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ မှ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒတို့ အတည်ပြုကြေငြာခြင်း**

နေပြည်တော်၊ ၂၀၁၉ ခုနှစ် ဇွန်လ ၅ ရက်- မြန်မာနိုင်ငံတော်အစိုးရသည် ယနေ့တွင် နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်မှုများနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လုပ်ငန်းစဉ်များ၌ ၎င်းတို့၏ မျှော်မှန်းချက်များကို ကြေငြာခဲ့ပြီး မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာတို့အပေါ် လမ်းညွှန်ပေးနိုင်မည့် မူဝါဒအသစ် (၂) ခုကို အတည်ပြု ထုတ်ပြန်ကြေငြာခဲ့ပါသည်။

ကမ္ဘာတစ်ဝန်း၌ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုကို ထိခိုက်ခံစားလွယ်ဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံသည် နိုင်ငံဖွံ့ဖြိုးလာသည်နှင့် အမျှ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝသယံဇာတများထုတ်ယူသုံးစွဲမှု မြင့်တက်လျက်ရှိပါသည်။ ထို့အပြင် ရေကြီးရေလျှံမှုများ၊ ဆိုင်ကလုန်း မုန်တိုင်းများနှင့် မိုးခေါင်ရေရှားမှုများသည် မကြာခဏ ပြင်းထန်စွာ ဖြစ်ပေါ်ခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ၊ လူနေမှုအခြေခံ အဆောက်အဦများ ပျက်စီးမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ တိုးပွားဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ နှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ ခေတ္တ ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူး နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှ အဆင့်မြင့်အစိုးရအရာရှိကြီးများ စုစုပေါင်း (၄၀၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

သမ္မတ ဦးဝင်းမြင့်က မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကို ယနေ့ထုတ်ပြန်နိုင်ခဲ့သည့် အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ဖော်ပြပါ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကို ရေတို/ ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စသည့် ကဏ္ဍအသီးသီး၌ လက်တွေ့ကျကျပေါင်းစပ်၍ ထိထိရောက်ရောက်အကောင်အထည်ဖော်သွားကြရန် အလေးအနက် ထား

ပြောကြားလိုပါကြောင်း၊ လက်ရှိထုတ်ပြန် ပြဌာန်းပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ မြို့ပြအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသူ/ကျောင်းသားများ၊ ပြည်သူများအနေဖြင့် သိရှိနားလည်နိုင်ရန်၊ မိမိတို့၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ၊ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ထည့်သွင်းပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် နှင့် နိုင်ငံတကာ၌ အောင်မြင်နေသည့် နည်းပညာ၊ အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝဂေဟစနစ်နှင့် သယံဇာတများ ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ဟန်ချက်ညီသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်ရရှိနိုင်လိမ့်မည်ဟု အပြည့် အဝ ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသူ/ နိုင်ငံသားများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် မိမိတို့၏ နေ့စဉ်ပြုမူနေထိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲ၍ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်များ၏ မျှော်မှန်းချက်များ အပြည့်အဝရရှိနိုင်ရန် နိုင်ငံအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကျေးလက်ဒေသအဆင့်တို့မှ ဆက်စပ်ပတ်သက်သူများအားလုံး နှင့် နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် အတူတကွလက်တွဲ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဖွံ့ဖြိုးမှုစီမံချက်များ၊ ရေတို/ရေရှည် လုပ်ငန်းစဉ်များ ထည့်သွင်း ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ပြီး အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှု၊ လေထုညစ်ညမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍအသီးသီးရှိ ဆက်စပ်ပတ်သက်သူများနှင့်

နိုင်ငံသူ/ နိုင်ငံသားအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မူဝါဒ (၂) ရပ် ချမှတ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြင်းထန်စွာ ပြောင်းလဲမှုများနှင့် အခြားသော ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများ တိုးမြင့်လာခြင်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအပေါ် ခြိမ်းခြောက်နိုင်သည်ကို ရှင်းလင်းစွာ သိမြင်လာနိုင်၍ မြန်မာနိုင်ငံကို ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန် ထုတ်လွှတ်မှု လျော့နည်းသော ရေရှည်တည်တံ့ပြီး ကြွယ်ဝချမ်းသာမှုရှိကာ အားလုံးပါဝင်သော နိုင်ငံအသွင်သို့ ပြောင်းလဲနိုင် မည့် ရည်မှန်းချက်များကို ချမှတ်နိုင်မည် ဖြစ်ပါသည်။

မူဝါဒ (၂) ရပ် ချမှတ်နိုင်ခဲ့ခြင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (United Nations Development Programme) နှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအစဉ် (Myanmar Climate Change Alliance-MCCA) တို့၏ နည်းပညာအကူအညီ၊ ဥရောပသမဂ္ဂ ၏ ရန်ပုံငွေ အထောက်အပံ့နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင် (United Nations Environment) နှင့် ကုလသမဂ္ဂ အခြေချနေထိုင်မှုအစီအစဉ် (United Nations Habitat) တို့၏ နည်းပညာပံ့ပိုးမှုများဖြင့် (၅) နှစ်တာကာလ ကြိုးစားမှုများ၏ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ပါသည်။

ဥရောပသမဂ္ဂ သံအမတ်ကြီး Kristin Schmidt က "မိမိတို့ ဥရောပသားများအနေဖြင့် အတိတ် ကာလ၌ အမှားများစွာ ပြုလုပ်ခဲ့သော်လည်း ယခုအချိန်၌ ပြောင်းလဲသင့်သည်များကို သိမြင်ပြီး မူဝါဒများနှင့် နည်းပညာများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် မိမိတို့အနေဖြင့် မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးနိုင်ငံမဟုတ်တော့ကြောင်း၊ သိပ္ပံပညာ သို့မဟုတ် လက်တွေ့ဖြစ်ပျက်နေမှုများကို ပစ်ပယ်သွားမည်မဟုတ်ပါကြောင်း၊ အရေးကြီးကိစ္စရပ် များကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေဆောင်ရွက် လျက်ရှိပါကြောင်း၊ လက်တွဲဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့အလေးထားသည့် မြန်မာနိုင်ငံသည် လည်း ဥရောပသမဂ္ဂအဖွဲ့အစည်းအား သက်တမ်းတစ်လျှောက်တွင် ကြုံတွေ့နိုင်သည့် အကြီးမား ဆုံး ဆိုးကျိုးများကို ဖြေရှင်းနိုင်ရန်

ရည်မှန်းချက်ရှိပြီး အားထားရသည့် တွဲဖက်အဖြစ် ယုံကြည်စေ လိုပါကြောင်း” ပြောကြားပါသည်။

မူဝါဒပါ စည်းမျဉ်းများအနက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် အစိုးရ၏ ဆုံးဖြတ်ချက်များကို လမ်းညွှန်နိုင်သည့် စည်းမျဉ်းများသည် ကျန်းမာကောင်းမွန်၍စွမ်းရည်ရှိသော ဂေဟစနစ်များနှင့် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်တည်တံ့စေနိုင်ရန် ရည်မှန်းချက်များဖြစ်ပါသည်။ ယခုမူဝါဒအသစ်နှစ်ခုသည် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ အထူးသဖြင့် အစိုးရအနေဖြင့် မကြာသေးမီက အတည်ပြုခဲ့သည့် Myanmar Sustainable Development Plan (2018-2030) တွင် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ဒေသအဆင့်ညွှန်ကြားရေးမှူးဖြစ်သူ Ms. Dechen Tsering က ယခုချမှတ်ပြဌာန်းလိုက်သည့် မူဝါဒ အသစ်များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရေး နှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဖြေရှင်းနိုင်မည့် အရင်းအမြစ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး တို့အတွက် အထောက်အပံ့ကောင်းများ ဖြစ်ပါကြောင်း၊ နိုင်ငံအများအပြားမှ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် ပေါ်ကြွယ်ဝမှုအပေါ် (နှစ်လိုမှု)/ခံစားမှုမရှိခြင်းနှင့် နိုင်ငံ၏ အလားအလာအပေါ် နားလည်သဘောပေါက်လာခြင်းသည် မြန်မာနိုင်ငံမှ ပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ကာကွယ်စီမံခန့်ခွဲနေခြင်းဟု ဆိုလိုနိုင်ပါကြောင်း၊ ကုလသမဂ္ဂပတ်ဝန်းကျင်အနေဖြင့် မြန်မာနိုင်ငံ၏ ယခုကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ဆက်လက် ပံ့ပိုးကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Peter Batchelor က ဤအရေးပါလှသော မူဝါဒအသစ်များမှ ပတ်ဝန်းကျင် နှင့် မြန်မာပြည်သူ ပြည်သားများအပေါ်ကို အထောက်အပံ့ကောင်းများပေးမည့် မျှော်မှန်းချက်များကို မြင်တွေ့ရချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်ကာလမှာ ထွန်းလင်းတောက်ပနေပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ဆက်လက်ဆောင်ရွက်သွားမည့် ကတိကဝတ်များနှင့် **အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ**ရေးဆွဲမှုတို့တွင် ပံ့ပိုးကူညီ ပေးခဲ့ရမှုအပေါ် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အနေဖြင့် ဂုဏ်ယူသကဲ့သို့ မြန်မာနိုင်ငံအစိုးရအား ချီးကျူးထောပနာပြုပါကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် အစိုးရနှင့် အခြားဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်း

များနှင့် ပူးပေါင်း၍ ယခုမူဝါဒအသစ်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ဆက်လက်ပံ့ပိုး ကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

ကုလသမဂ္ဂ အခြေချနေထိုင်မှုအစီအစဉ်၊ Country Program Manager ၊ Mr. Bijay Karmacharya က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်များ ချမှတ်ပြဋ္ဌာန်းလိုက်ပြီဖြစ်သည့်အတွက် ယခုအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ညီညီညွတ်ညွတ်စုပေါင်းတိုက်ဖျက်နိုင်မည့် လုပ်ငန်းအစီအစဉ်များအတွက် အဆင့်သင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အဆိုပါလုပ်ငန်းအစီအစဉ် များအား ဆက်စပ်ဝန်ကြီးဌာနများ၏ နှစ်အလိုက် စီမံချက်များနှင့် ရန်ပုံငွေလျာထားချက်တို့တွင် ထည့်သွင်း ပေါင်းစပ် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

နှစ်စဉ်ကမ္ဘာတစ်ဝှမ်းကျင်းပပြုလုပ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ၌ ယနေ့ မူဝါဒအသစ်များ ချမှတ်ပြဋ္ဌာန်းကြောင်း ကြေငြာခြင်းကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ နှစ်စဉ် လူဦးရေ (၇) သန်း၏ အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိသည့် (ပျက်စီးဆုံးရှုံး စေသည့်) ရာသီဥတုပြောင်းလဲမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့် လေထုအတွင်း ညစ်ညမ်း ပစ္စည်းများ လျှော့ချရန် တိုက်တွန်းထားသည့် “လေထုညစ်ညမ်းမှု တိုက်ဖျက်စို့” ဟူသည့် ယခုနှစ် ဆောင်ပုဒ်အပေါ် မြန်မာနိုင်ငံ၏မူဝါဒအသစ်များမှ အထောက်အပံ့ဖြစ်စေပါသည်။ အဆိုပါ ဘေးအန္တရာယ်ကို မြန်မာနိုင်ငံအနေဖြင့်လည်း မလွဲမသွေကြုံတွေ့ပြီး ဖြစ်ပါသည်။ ကလေးငယ် များ သေဆုံးမှု၏ (၆၂) ရာခိုင်နှုန်းသည် အခန်းတွင်း လေထုညစ်ညမ်းမှု ဖြစ်ကြောင့် ဖြစ်ပေါ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကြောင့် ဖြစ်ပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့များနှင့် အတူ လေထုအတွင်း ထုတ်လွှတ်လိုက်သည့် ရာသီဥတု ပြောင်းလဲမှု အပေါ် သက်ရောက်နိုင်သော လေထုညစ်ညမ်းမှုပစ္စည်းများ လျှော့ချမည့် အစီအစဉ်များကို လမ်းညွှန်ထားသည့် အမျိုးသား အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒတို့သည် အဆိုပါ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် အဓိကပံ့ပိုးကူညီနိုင်လိမ့်မည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရကို ပံ့ပိုးကူညီရန် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်သည် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကနဦး အစပျိုး ဆောင်ရွက်မှု တစ်ရပ်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်ကို ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မှ ယူရို ၃.၉ သန်း ရန်ပုံငွေ ပံ့ပိုးခဲ့ပြီး ကုလသမဂ္ဂအခြေချ နေထိုင်ရေးအစီအစဉ် နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်တို့မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဓိကရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကို မြန်မာနိုင်ငံ၏ မူဝါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် ပေါင်းစပ်အကောင်အထည်ဖော်ရန် ဖြစ်ပြီး အဆိုပါ အစီအစဉ်၏ ကြိုးပမ်းအားထုတ်မှု တိုက်ရိုက်ရလဒ်တစ်ခုမှာ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှု မူဝါဒ ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်၏ ဒုတိယမြောက်အဆင့်ကို လာမည့် နှစ်တွင်စတင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

### ဆက်သွယ်ရန်လိပ်စာ

<u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန</u>

ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာနခွဲ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

climatechange.ecd@gmail.com

<u>မြန်မာနိုင်ငံ၏ ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်တော်များ</u>

Ms. Suvi Vivinoja

Press and Information Officer

ဖုန်းနံပါတ်: +၉ (၀) ၁ ၂၃၀ ၅၆၅၀

E-mail: suvi.rivinoja@ext.eeas.europa.eu

<u>ကုသသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ် (UN-Habitat)</u>

Mr. Shashank Mishra

ဘေးအန္တရာယ်ဆိုင်ရာ လျော့ချမှု အစီအစဉ်ဆိုင်ရာ မန်နေဂျာ

ကုလသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ်၊ ရန်ကုန်ရုံးခွဲ၊ မြန်မာနိုင်ငံ

ဖုန်းနံပါတ်: +၉၅-၉၄၅၄၁၉၈၄၃၄

E-mail: shashank.unhabitat@gmail.com

<u>ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UN Environment)</u>

Ms. Nina Raasakka

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအစဉ်အရာရှိ

အာရှ နှင့် ပစိဖိတ်ရုံးခွဲ၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ဘန်ကောက်၊ ထိုင်းနိုင်ငံ

ဖုန်းနံပါတ်: - +၆၆ ၂၂ ၈၈ ၁၄၇၁

E-mail: raasakka@un.og

<u>ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UN Development Programme- UNDP)</u>

Mr. Martin Cosier

စီမံကိန်းမန်နေဂျာ နှင့် နည်းပညာအကြံပေး

ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှု စီမံကိန်း

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ ရန်ကုန်ရုံးခွဲ၊ မြန်မာနိုင်ငံ

ဖုန်းနံပါတ်: +၉၅-၉၇၉၃၉၄၇၂၃၃

E-mail: martin.cosier@undp.org